# နော်ဝေဘာသာရပ်၊ လူမှုရေးဘာသာရပ် နှင့် နိုင်ငံသားပြုရေး စာမေးပွဲဖြေဆိုမည့်သူများသို့ သိသင့်သည့်အချက်အလက်များကို ပြန်ကြားခြင်း

**ကိုယ်တိုင်လာရောက်ခြင်း**

စာမေးပွဲဖြေဆိုရာသို့ သင်ကိုယ်တိုင် အချိန်မီလာရောက်ရမည်။ အချိန်လွန်မှရောက်လာသူများကို ဝင်ခွင့်ပြုမည်မဟုတ်။ စာမေးပွဲကျင်းပသည့်ဌာနမှ ပေးပို့ထားသောစာတွင်ဖော်ပြထားသည့် အချိန်နှင့်နေရာကိုကြည့်ပါ။

**သက်သေခံအထောက်အထား**

စာမေးပွဲကျင်းပရာသို့ရောက်လျှင် တရားဝင်အထောက်အထားပြပြီးနောက် စာမေးပွဲဖြေဆိုသူစာရင်းစာရွက်တွင်လက်မှတ်ထိုးပါ။

တရားဝင်အသိအမှတ်ပြုထားသောအထောက်အထားများမှာ -

- သက်တမ်းမကုန်သေးသော နိုင်ငံကူးလက်မှတ် (Pass)
- နော်ဝေယာဉ်မောင်းလိုင်စင် (Norsk førerkort) မူရင်းနှင့်မိတ္တူ
- ဓာတ်ပုံပါသော နော်ဝေဘဏ်ကဒ် (Norsk bankkort med bilde)
- 2003 ခုနှစ် ဧပြီလ ၁ ရက်နေ့၏ နောက်ပိုင်းမှ စာပို့ဌာန(Posten)က ထုတ်ပေးထားသော မှတ်ပုံတင်ကဒ်
- ဥရောပဓနေသဟာယ (EØS) အတွင်းရှိ နိုင်ငံတခုခုက ထုတ်ပေးထားသော အမျိုးသားမှတ်ပုံတင်
- ဒုက္ခသည်များကိုထုတ်ပေးသည့် နိုင်ငံကူးလက်မှတ် (Reisebevis for flyktninger) နှင့် ဧည့်နိုင်ငံသား မှတ်ပုံတင် (Utlendingspass)
- နိုင်ငံခြားသားများကိုထုတ်ပေးသည့် နိုင်ငံတွင်းနေထိုင်ခွင့်ကဒ် (Oppholdskort)
- အမည်အပြည့်အစုံနှင့် မွေးဖွားရာဒေသတို့ ဖော်ပြပါရှိသော နိုင်ငံခိုလှုံခွင့်လျှောက်ထားသူ မှတ်ပုံတင် (Asylsøkerbevis) ... တို့ဖြစ်သည်။

**အမည်**

စာမေးပွဲဖြေဆိုသူစာရင်းတွင်လက်မှတ်ထိုးသည့်အခါ ဖော်ပြထားသော သင့် အမည်၊ နေရပ်လိပ်စာ နှင့် မှတ်ပုံတင်နံပတ် တို့ မှန်-မမှန် စစ်ဆေးပါ။

**စာမေးပွဲဝင်ကြေးပြေစာ**

စာမေးပွဲဝင်ကြေးကို ငွေတောင်းခံလွှာပြပြီးပေးသွင်းခဲ့သူ (သို့) စာဖြေဌာနသို့ တိုက်ရိုက်ပေးသွင်းခဲ့သူဖြစ်လျှင် ငွေရပြေစာကို တပါတည်း ယူဆောင်လာရမည်။  အကယ်၍ ဘဏ်ကဒ်နှင့်ပေးသွင်းထားလျှင် ပြေစာပြရန်မလိုပါ။

**နာမကျန်းဖြစ်ခြင်း**

နာမကျန်းဖြစ်ပါက ဆရာဝန်ထောက်ခံချက် သို့မဟုတ် နာမကျန်းဖြစ်ကြောင်းခွင့်တိုင်စာကို စာမေးပွဲဖြေသည့်နေ့မှ ၇ ရက်ထက်နောက်မကျစေဘဲ စာဖြေဌာနသို့ပေးပို့ရမည်။ သို့မှသာ စာမေးပွဲကို နောင်တချိန်တွင် အခမဲ့ထပ်မံဖြေဆိုရန် စာရင်းပေးသွင်းနိုင်မည်။

**စာရေးကိရိယာများ**

အကြမ်းရေးခြစ်ရန်အတွက် ကိုယ်ပိုင် စာရေးကိရိယာများ သုံးစွဲခွင့်မပြု။ သို့သော် လိုအပ်၍တောင်းဆိုပါက ခဲတံနှင့် စက္ကူ ထုတ်ပေးမည်။ စာမေးပွဲခန်းမှမထွက်ခွာမီ ထိုစက္ကူများကို တာဝန်ကျသူထံ အပ်နှံခဲ့ရမည်။

**လက်ကိုင်ဖုန်း**

စာမေးပွဲဖြေနေစဉ်အတွင်း လက်ကိုင်ဖုန်းကို လုံးဝပိတ်ထားပြီး အဝေးတွင်ထားရမည်။ အင်္ကျီအိတ်ထဲတွင်ဖြစ်စေ အနီးတွင်ဖြစ်စေ ယူဆောင်ထားခွင့်မပြု။ အကယ်၍ စာမေးပွဲဖြေသူတယောက်က လက်ကိုင်(မိုဘိုင်း)ဖုန်းကို လက်ဝယ်ယူဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိရပါက မသမာမှုလုပ်ရန်(စာခိုးချရန်) ကြံစည်သည်ဟု သတ်မှတ်မည်။

**အထောက်အကူပစ္စည်းများ**

စာမေးပွဲဖြေရာတွင် မည်သည့်အထောက်အကူပစ္စည်းမျှသုံးခွင့်မပြု။ ဆိုလိုသည်မှာ အင်တာနက်(သို့မဟုတ်) ကွန်ပျူတာတွင်သိမ်းဆည်းထားသော စာရွက်စာတမ်းများကို သုံးခွင့်မပြု။ စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာမေးပွဲခန်းစောင့်သူ(သို့မဟုတ်) စာမေးပွဲကြီးကြပ်ရေးမှူးတို့မှလွဲလျှင် မည်သူနှင့်မျှ ဆက်သွယ်ပြောဆိုခွင့်မရှိ။ အင်တာနက်(သို့မဟုတ်) ကွန်ပျူတာတွင်သိမ်းဆည်းထားသော စာရွက်စာတမ်းများကို သုံးခြင်းကို မသမာမှု(စာခိုးချခြင်း)ဟု သတ်မှတ်သည်။

**မသမာမှု (စာခိုးချခြင်း)**

စာမေးပွဲဖြေနေစဉ်အတွင်း မည်သည့်အထောက်အကူပစ္စည်းမျှသုံးခွင့်မပြု။ အထောက်အကူပစ္စည်းများအသုံးချခြင်း(သို့)အသုံးချရန်ကြိုးစားခြင်းတို့ကို မသမာမှု (စာခိုးချခြင်း)ဟုသတ်မှတ်သည်။

မသမာမှုဟုဆိုနိုင်သောဥပမာများမှာ -

- အီလက်ထရွန်းနစ်အထောက်အကူပစ္စည်းများနှင့် လက်ကိုင်ဖုန်း အသုံးပြုခြင်း
- စာမေးပွဲစစ်သည့်ကွန်ပျူတာပရိုဂရမ်မှလွဲ၍ အခြားကွန်ပျူတာပရိုဂရမ် (ဥပမာ - Word, Notisblokk) တို့ကိုသုံးခြင်း
- သူတပါးဖြေဆိုထားသည်ကို တပုဒ်လုံးဖြစ်စေ တစိတ်တပိုင်းဖြစ်စေ ကူးချခြင်း
- မှတ်ပုံတင်အထောက်အထားအတုသုံးခြင်း
- အဘိဓာန်(သို့) မိမိယူဆောင်လာသည့် မှတ်စုများကိုသုံးခြင်း
- စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာဖြေဌာန၏ဝန်ထမ်းများမှအပဖြစ်သော အခြားတယောက်ယောက်နှင့် ဆက်သွယ်ပြောဆိုခြင်း

စာခိုးချလျှင် (သို့) စာခိုးချရန်ကြိုးစားလျှင် ဖြစ်လာမည့်အရာများမှာ -

- သင့်အား စာမေးပွဲခန်းမှ ထုတ်ပယ်မည်။
- ထိုစာမေးပွဲကာလအတွင်း ဖြေဆိုပြီးသည့် မည်သည့်အပိုင်းအတွက်မျှ အောင်/ရှုံးလက်မှတ်ထုတ်ပေးမည်မဟုတ်။ (ရေးဖြေနှင့်ရော နှုတ်ဖြေနှင့်ပါ သက်ဆိုင်သည်)
- နောက်ထပ်စာမေးပွဲကို နောက်တကြိမ်ကျင်းပချိန်မှသာ အသစ်ပြန်လည်ဖြေဆိုခွင့်ရှိသည်။

- နောက်ထပ်စာမေးပွဲဖြေဆိုလျှင် စာမေးပွဲဝင်ကြေးထပ်မံပေးသွင်းရမည်။

မသမာမှုကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း၊ ဖြေဆိုပြီးချိန် (သို့) အဖြေလွှာစစ်ဆေးနေစဉ်အတွင်း တွေ့ရှိဖော်ထုတ်နိုင်မည်ဖြစ်သည်။

**စာပေအနုပညာခိုးယူသုံးစွဲမှု (plagiat)**

သီကုံးရေးဖွဲ့တင်ပြမှု(skriftlig framstilling) အပိုင်းကိုဖြေဆိုရာတွင် သင်ကိုယ်တိုင်ရေးသည့်စာသားဖြစ်စေရမည်။ စာပေအနုပညာခိုးယူသုံးစွဲမှု (plagiat) ကိုလုံးဝခွင့်မပြု။ အကယ်၍သင့်အနေနှင့် (အင်တာနက်၊ ပြဋ္ဌာန်းစာအုပ် သို့မဟုတ် သင်တန်းသားသူငယ်ချင်းတို့ကဲ့သို့သော) သူတပါးထံမှစာသားကို တပုဒ်လုံးဖြစ်စေ တစိတ်တပိုင်းဖြစ်စေ ကူးချကာ သင်ကိုယ်တိုင်ရေးသယောင် အသုံးချခဲ့ပါက စာပေအနုပညာခိုးယူသုံးစွဲမှုအဖြစ်သတ်မှတ်ပြီး ထိုဖြေဆိုမှုအပိုင်းအတွက် အမှတ်လုံးဝပေးမည်မဟုတ်။

**အောင်/ရှုံးလက်မှတ် အတုလုပ်ခြင်း**

အောင်/ရှုံးလက်မှတ် အတုလုပ်ခြင်းကို စာရွက်စာတမ်းအတုလုပ်ခြင်းဟုသတ်မှတ်ပြီး ရဲစခန်းတွင်တိုင်ကြားပါမည်။

**အောင်/ရှုံးလက်မှတ်**

အောင်/ရှုံးလက်မှတ်ကို သင်တန်းသားစာရင်းတွင်ဖော်ပြထားသည့် သင့်လိပ်စာသို့ ကျောင်းက ပေးပို့လိမ့်မည်။ နေရပ်လိပ်စာအသစ်ပြောင်းထားပါက စာဖြေဌာနသို့အကြောင်းကြားရမည်။

**စောဒကတက်ပိုင်ခွင့်**

**အောင် / ရှုံးရလဒ် အပေါ်စောဒကတက်ခြင်း** - (နော်ဝေဘာသာ စာမေးပွဲ၏) စာမေးပွဲရလဒ်အပေါ် မကျေနပ်ပါက မည်သည့် အဖြေလွှာအပိုင်းကို မကျေနပ်ကြောင်း စာရေးသားကာ စောဒကတက်ပိုင်ခွင့်ရှိသည် ။ စောဒကတက်ပိုင်ခွင့်ကာလမှာ စာမေးပွဲရလဒ်ထုတ်ပေးသည့်နေ့မှ ရက်သတ္တပတ် ၃ ပတ်အတွင်း ဖြစ်သည်။

**စာမေးပွဲစစ်ဆေးပုံ မူမမှန်သည်ကို စောဒကတက်ခြင်း** - စာမေပွဲစစ်ဆေးပုံမူမမှန်ခဲ့လျှင် လူမှုရေးဘာသာရပ် (samfunnskunnskap) စာမေးပွဲ ၊ နော်ဝေဘာသာ နှုတ်ဖြေ စာမေးပွဲ (muntlig norskprøve ) နှင့် ဖတ်ရှုနားလည်နိုင်စွမ်းစစ်ဆေးမှုအပိုင်း (leseforståelse) ၏ အပိုင်းအသီးသီး နှင့် သီကုံးရေးဖွဲ့မှု (skriftlig framstilling)များအတွက် စောဒကတက်ပိုင်ခွင့်ရှိသည်။ စောဒကတက်ပိုင်ခွင့်ကာလမှာ စာမေးပွဲ စစ်ဆေးသည့် နေ့စွဲမှ ရက်သတ္တပတ် ၃ ပတ်အတွင်း ဖြစ်သည်။ စောဒကတက်ပိုင်ခွင့်နှင့်ပတ်သက်၍ www.vox.no/prøver နှင့် www.samfunnskunnskapsprøven.no တို့တွင်လည်း လေ့လာဖတ်ရှုနိုင်ပါသည်။

စာမေးပွဲမစမီ လက်တွေ့လုပ်ဆောင်ဖွယ်ရာများနှင့် သက်ဆိုင်သည့်မေးခွန်းများကို မေးမြန်းစုံစမ်းနိုင်ပါသည်။ အကယ်၍ သီကုံးရေးဖွဲ့မှုနှင့်ပတ်သက်သည့်အပိုင်းများတွင် မေးခွန်းများကို နားမလည်ပါက စာမေးပွဲကြီးကြပ်သူထံမေးမြန်းနိုင်သည်